## ကိုယ့်ကြမ္မာကိုယ်ဖန်တီးဖို့ ကန့်ကွက်မဲပေးကြစို့
## ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက်
## အမှတ် (၂/၂၀၀၈)
## ၂၆ – ၄ – ၂၀၀၈

(၁) NLD ၏ "အထူးကြေညာချက်အမှတ် ၇/၀၄/၀၈" ကို ကျွန်တော်တို့ ပြတ်ပြတ်သားသားထောက်ခံပါတယ်။ အချိန်မီတယ်လို့လည်း ယူဆပါတယ်။

(၂) 'အခြေခံဥပဒေ မရှိတာထက်ရှိတာက ကောင်းတယ်' လို့ စစ်အစိုးရကရော၊ သူ့နောက်လိုက်နောက်ပါများကပါ ပြောဟော ရေးသားနေကြတာ တွေ့ရပါတယ်။ ဒါဟာ သူတို့ရေးဆွဲထားတဲ့ 'အခြေခံဥပဒေ' မှာ ချို့ယွင်းအားနည်းချက်တွေ အများကြီးရှိနေကြောင်းကို တဖက်လှည့်နဲ့ ဝန်ခံနေတာ ဖြစ်ပါတယ်။ 'ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ' မှာ ပြည်သူလူထုက ကန့်ကွက်မဲတွေပေးပြီး ပယ်ချမှာကို အစိုးရိမ်ကြီး စိုးရိမ်နေကြောင်းကိုလည်း ပြသတာ ဖြစ်ပါတယ်။

သူတို့ရေးဆွဲထားတဲ့ 'အခြေခံဥပဒေ' မှာဖြင့်ရင် ဘယ်အချက်တွေ ဘယ်အချက်တွေကတော့ ကောင်းကွက်တွေရှိပါတယ် ဆိုတာကို ရှင်းမပြနိုင်ဘဲ 'မရှိတာထက် ရှိတာက ကောင်းတယ်' လို့သာ ပြောနေရတာ ဖြစ်ပါတယ်။

အဲဒီလောဂျစ် (ယုတ္တိဗေဒ) မှားပါတယ်။ 'ဆေးမသောက်ဘဲနေတာထက် ဆေးသောက်တာ ကောင်းတယ်' ဆိုပြီး အဆိပ်ဆေးကို ဇွတ်တိုက်နေတဲ့လောဂျစ်ပဲ ဖြစ်ပါတယ်။

(၃) ပြည်သူလူထုမှာ အားလုံးထောက်ခံနိုင်တဲ့ 'အခြေခံဥပဒေ' ရှိပါတယ်။ အဲဒါက '၁၉၄၇ အခြေခံဥပဒေ' ဖြစ်ပါတယ်။ အမျိုးသားညီညွတ်ရေးအခြေခံနဲ့ ရေးထားတာ ဖြစ်ပါတယ်။ ခေတ်နဲ့အညီပြုပြင် (update) လုပ်ဖို့ပဲ လိုကောင်းလိုပါလိမ့်မယ်။